ညောင်ကုန်းကျေးရွာသယံဇာတပြမြေပုံ၊ ပုသိမ်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝရင်းမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င)    ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ)    ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ)    လူငယ်နှင့်ယဉ်ကျေးမှု

(ဇ)    အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းမား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ)    တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅)    ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က)    ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ)    အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆)    ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇)    ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈)    ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ

(က)    နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ)    ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ)    ဦးစားပေးစီမံချက်များ

(ဃ)    အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉)    ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀)    ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က)    ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ)    ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

(ဂ)    ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ)    ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

ဇယား၁ - လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား၂ - လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ - လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား၄ - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ - ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား၆ - ဉစ္စာဓနအဆင့်အခြေအနေ

ဇယား၇ - ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား၈ - ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ - ကျေးရွာ၏ ထိခိုက်သက်ရောက်မှုလွယ်သော အခြေအနေ

ဇယား၁၀ - ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား၁၁ - ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ - ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ - ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား၁၄ - ကျေးရွာ၏ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား၁၅ - အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ - ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား၁၇ - သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ - သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီသူ အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲများနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

( ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ )

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ညောင်ကုန်းကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည် အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်

နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်၊

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောက်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ကိုင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ကုန်းကျေးရွာအုပ်စု

ပုသိမ်မြို့နယ်

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင် ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမျ း ရေးဆွဲကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူ အညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်တွင် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင် မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊ နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင်း ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့ အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာနိုင်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင် ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင် စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောက်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ညောင်ကုန်းကျေးရွာသည် ပုသိမ်-ချောင်းသာကားလမ်းပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပုသိမ်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည့် ကျေးရွာဖြစ်သည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၁၀၀ မှ ၁၂၀ ဝန်းကျင်တွင် စိုက်ပျိုးမြေများ တည်ရှိရာ မြေနိမ့်ပိုင်းများဖြစ်ပြီး နှစ်စဉ် ရေလွှမ်းမိုးခြင်း ခံစားရသည်။ ကျေးရွာပတ်ဝန်းကျင်တွင် မြစ်ချောင်းများမှာ ဆားငန်ရေဝင်ရောက်မှု

အနည်းငယ်ရှိသည်။ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများတွင် စပါးစိုက်ပျိုးပြီး ကွမ်းကိုသာ အဓိကထား စိုက်ပျိုးအသက်မွေးဝမ်းကျောင်းပြုကြသည်။ နှစ်စဉ် ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသည်။

(ခ) သဘာဝအရင်းအမြစ်

ညောင်ကုန်းကျေးရွာရှိ လယ်မြေများမှာ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ စိုက်ပျိုးရေး အတွက် မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများအားလုံး ချောင်းရေကိုသာ စက်များဖြင့် တင်၍ လယ်မြေဧက (   ) ခန့်ကိုသာ ဆောင်းစပါး အဖြစ် ရေသွင်းစိုက်ပျိုးကြသည်။ မြေအောက်ရေအသုံးပြုမှု နည်းပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(   )ဧက ရှိပြီး စပါး၊ အခြားသီးနှံ့နှင့် ကွမ်းကို အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၂)စု နှင့် ကျား (၁၄၈)၊ မ (၁၆၂) ဦးဖြင့် လူဦးရေပေါင်း (၃၁၀) ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၃.၇၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၃.၂၂) ရာခိုင်နှုန်းခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင် သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် (၁၆) မျှသာ ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေရ အနေအထာမှာ သာမန်အနေအထာဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၀%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၂၀%) သည် ချမ်းသာသည့်အဆင့်၊ (၃၀%)သည် အလယ်အလတ်အဆင့် ရှိကြသည် ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု ရှိသော်လည်း လယ်ယာသုံးပစ္စည်း၊ လယ်ယာ သုံးစက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးပြီး ချောင်းရေသွင်းစိုက်ပျိုးမှုကြောင့် ကျေးရွာစီးပွားရေး အခြေအနေများ ကောင်းမွန်သည့် အနေအထားမရှိပါ။ ချမ်းသာသော လယ်သမား အိမ်ထောင်စုများ မရှိဘဲ အခြားလယ်သမားအိမ်ထောင်စုများမှာလည်း လက်သမား၊ ပန်းရံ၊ ကျပန်းလုပ်ငန်းများ တွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ စားသောက်ဆိုင်နှင့် ကုန်စုံဆိုင် ရောင်းချသော အိမ်ထောင်စု များသည်ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့် အလွန်များပြီး မြေယာအနယ်းငယ် ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့်မား ပြီး (၅၀%) သိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာတွင် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံသော အိမ်ထောင်စုမှာ ( ) သာရှိပြီး ဝမ်းဆာအသင့်အတင့်ဖူလုံသော အိမ်ထောင်စုမှာ ( ) ရှိ၍ ဝမ်းစာဖူလုံမှု မရှိသော အိမ်ထောင်စုမှာ ( ) ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှု ရှိသော်လည်း ဝမ်းစာဖူလုံမှု အသင့်အတင့်ရှိသော အိမ်ထောင်စုများနှင့် ဖူလုံမှုမရှိသော အိမ်ထောင်စုများမှာ ဝမ်းစာမူလုံမှု အတွက် သူတစ်ပါးထံမှ ချေးငွေချေးယူသုံးစွဲရပါသည်။

ကျေးရွာတွင် ဆင်းရဲပြီး လူဦးရေများသော အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့် မုဆိုးဖို/ တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု (၆)စု ရှိသည်။ အလွန်ဆင်းရဲ၍ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုမှာ (၂)စု ရှိကြောင်း တွေ့ရပါသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်ကြသည့် သက်ကြီးရွယ်အို (၃၀)ဦး တို့ ဖြစ်ကြသည်။ ကျေးရွာပြင်ပသို့ ဝင်ငွေရရှိရေးအတွက် သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ် ရှိတက်ကြသည်။

ယခုနှစ်များတွင် ပုသိမ်-ချောင်းသာ အဝေးပြေးကားလမ်းပေါ်တွင် ကျေးရွာတည်ရှိသောကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုများပြားလာခဲ့သည်။ ရွာသားအချို့သည် ထိခိုက်ဒဏ်ရာများ ရှိခဲ့သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှသည် ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်း တွင် ပိုမိုဖြစ်ပွားမှု ရှိကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို အသင့်အတင့်ရှိကြပြီး ၆မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင် သော မြို့နယ်၊ ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များ၊ လက်ယက်တွင်းများမှ ရေရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရပါသည်။ ကျောင်းသား အများစုသည် အခြေခံအရေးအဖတ်အတွက် တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ အလွန်နည်း ပါးပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းမှာ သင်ယူရရှိပြီး အထက်တန်း ပညာရေးကို ၃မိုင်ခန့်ဝေးသော အထက်တန်းကျောင်းကြီးတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျတဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့် အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသာ၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေျဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ ယောကျ်ားလေး အရေအတွက်သည် မိန်းကလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် ကျား-မ အရေအတွက်မှာ မ အရေအတွက်ထက် အနည်းငယ်မျှသာများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်သည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၆)ဖွဲ့ရှိသည်။ ယင်းအဖွဲ့အစည်းများအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည်။ အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ မြန်မာ့အသေးစားငွေစုငွေချေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု စွမ်းဆောင်ရန် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် ကွမ်းကိုသာ အဓိကထား စိုက်ပျိုးကြသည်။ ဆောင်းစပါးကို (၁၃၆) ဧကစိုက်ပျိုးကြသည်။ တစ်ဧကအထွက်နှုန်းမှာ ပျှမ်းမျှ (၈၀) နှုန်းသာ ထွက်ရှိကြသည်။ ဆောင်းစပါး (၁၃၆)ဧကကို ချောင်းရေမှ ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးကြသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်မားမှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ကြဲပတ်စနစ်ကို သုံးကြသည်။တောင်သူများသည်

တစ်ခါတစ်ရံ မိုးကြီးမှုနှင့် ရင်ဆိုင်တတ်သည်။ စပါးစိုက်ပျိုးရာတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ ဖျက်ပိုးနှိမ်နင်းရေးစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (   ) ဝန်းကျင်သာ ရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုသည်လည်း တစ်ရွာလုံး၏ (   )နှုန်းခန့် ရှိပြီး ဈေးကွက်တွင် ဝယ်လိုအား ရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အနည်းငယ် ရှိသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံသက်ရောက် ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင် အတိုးနှုန်းမှာ မြင့်မားကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရ ဝန်ထမ်း လုပ်ငန်းတို့ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းတစ်ချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည်တို့သည့် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတက်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြပါသည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်ကွမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်လာတတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများ များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးအစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေး သင့်သည်။

ကျေးရွာသည် ပုသိမ်မြို့၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး နှစ်စဉ် ရေကြီးလွှမ်းမိုးမှုနှင့် ကြုံတွေ့ရသည်။ ကျေးရွာမှာ တစ်ဖက်တွင် မြေမြင့်၍ တစ်ဖက်မှာ မြေနိမ့်ပိုင်းတွင် တည်ရှိသောကြောင့် မုန်တိုင်းဘေး အန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတက်သည်။ အခါအားလျော်စွာ ကျရောက်တက်သော မိုးကြီးခြင်းက သဘာဝဘေးအန္တရာယ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကမ်းနီကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို တစ်နှစ်အတိုးနှုန်း ပြား ၈၀ ကျပ်တိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧက အတွက် ချေးယူနိုင်ပါသည်။ ကျေးရွာတွင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများ လာရောက်ပြီး ငွေရေးကြေးရေးအဖွဲ့များ ဖွဲ့စည်း ထားပြီး အသင်းဝင် (၇၄)ဦး ရှိကာ အတိုးနှုန်းမှာ (၄)ကျပ်တိုးဖြစ်ပြီး အသင်းဝင်များချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို (၃)လအထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ အချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း % မှ % လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုများထံမှ အတိုးနှုန်းမှာ %ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသမဝါယမနှင့် မွေးမြူရေးသမဝါယမ တို့ ရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ ကျပ်မှ ဆယ်သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ အိမ်ထောင်စုအနည်းငယ်သာ အကြွေးချေးယူမှုကင်းလွတ်ပြီး အိမ်ထောင်စုအများစုမှာ စားနပ်ရိက္ခာအတွက် ချေးယူကြရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းသန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းမှာ အလျား ၆၀' အနံ ၂၀' အမြင့် ၁၂' အရွယ်ရှိ သွပ်မိုးအုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျေးရွာ၏ ၁.၃%မှာ စာမတတ်သူများဖြစ်ကြပြီး လူဦးရေအားလုံး၏ ၁၆.၂%မှာ ဘုန်းကြီးကျောင်းပညာရေးကို တက်မြောက်ထားကြသည်။ မူလတန်းအောင် ရာခိုင်နှုန်းမှာလည်း မြင့်မားသည်။ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းကို ဆက်လက်သင်ကြားသူဦးရေ နည်းပါးနေပါသည်။ ကျောင်းတွင် ပရိဘောဂလုံလောက်မှု မရှိပါ။ ကျောင်းတွင် ဆရာမငါးဦး၊ ဆရာ တစ်ဦး ရှိကြသည်။ ကျောင်းတွင် တပည့် ဆရာအချိုးမှာ ၁:၅ ရှိသည်။ ကျောင်း ဆရာဆရာမ လုံလောက်မှု ရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာတွင် ပုဂ္ဂလိကဆေးခန်းတစ်ခု ဖွင့်လှစ်ထားပြီး ဆေးမှူးအဆင့်ရှိ ဆရာတစ်ယောက်သာ ကျန်းမာရေးဝန်ဆောင်မှုကို ပေးပါသည်။ ပုသိမ်မြို့သည် လျှပ်စစ်မီးရရှိသည့် မြို့ဖြစ်သည့်အလျောက် အအေးခန်းအဖြစ်သိုလှောင်ရန် ဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။

သောက်ရေအတွက် လက်နှိပ်တုံကင်နှင့် မော်တာသုံးတုံကင်များမှာ သောက်ရေမရှိပါ။ လက်ယက်တွင်း၊ အုတ်စီတွင်းများမှသာ သောက်ရေရရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်

သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတက်သော ရောဂါဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူကျောင်းသားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အနားယူအပန်းဖြေမည့် အနေအထားမရှိနိုင်သေးပါ။ ကျေးရွာရှိ ဘာသာရေး၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်း သီးသန့် ဖော်ဆောင်ထားခြင်း မရှိသေးပါ။

(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်မီး၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းအသုံးပြုမှု မရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၊ စက်ဘီးနှင့် ထော်လာဂျီများကို အသုံးပြုလျှက်ရှိသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ဆက်သွယ်ထားခြင်းမရှိ၍ ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းအသုံးမပြုနိုင်ကြချေ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် အချိတ်အဆက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ ကျေးရွာသားများသည် စာကြည့်တိုက်မရှိခြင်းကြောင့် စာဖတ်ခြင်းအလေ့အကျင့်နည်းပါးပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှု အဆင်ပြေပါသည်။ သို့သော် ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျှော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင်သဖြင့် ထင်း၊ မီးသွေး သက်သာသည့် လျှပ်စစ်မီးဖို ချက်ပြုတ်ခြင်း၊ ကျောင်းသား/ကျောင်းသူများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည် ကို တွေ့ရှိရပါသည်။ လူငယ်ပညာတက်နည်းပါးပြီး လူဦးရေအားလုံး၏ (   ) ရာခိုင်နှုန်းကျော်မှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးမှုပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်

လည်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှု ခံယူကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် ရှိနေကြသည်။

သဘာဝရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်ဒေသဖြစ်ပြီး မြေဆီဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူ ပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အကူဖြစ်သည်။ ကျေးရွာသည် ပုသိမ်မြို့သို့ ကား၊ ဆိုင်ကယ်၊ စက်လှေများဖြင့် လွယ်ကူစွာ သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက် ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့် နွားတို့ကို တိုးချဲ့မွေးမြူရန်အတွက် အခွင့်အလမ်းသာသည်။ သို့သော် မွေးကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ် မှုကို ချောမွေ့စေသည်။ ကျေးရွာမိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေများမှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားအတွက် အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။ ချောင်းရေမှ ရေတင်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် တူးမြောင်းရေ၊ ရေသွယ်မြောင်းများ တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်သည်။ ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျတ်ပိုးများလည်း စပါးနှင့် အခြားသီးနှံများတွင် ကျရောက်တက်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်များ မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးစားသူများ ရှိသော်လည်း အတိုးနှုန်းမှာမြင့်မားသည်။ ဘဏ်မှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရတက်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း ရရှိအောင် တတ်သိပညာ၊ အထိအတွေ့ အားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

(က)ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းလာမည့် ငါးနှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူတုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှု တဆင့်ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအတိုင်း အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားပါမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီး၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တစ်ဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေသည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်ဆိုင်နှင့် မိုဘိုင်းဖုန်းပြင်စေသော သင်တန်းများတက်ရောက်ရန် သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်းဖွင့်လှစ်ခွင့်ရရှိရန် အစိုးရထံသို့ တောင်းခံတင်ပြပြီး ကျောင်းဆောင်ဖွင့်လှစ်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြှင့်လာရန်အတွက် ဆောင်ရွက်မည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာစာကြည့်တိုက်ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်သော အဆောက်များ ဖွင့်လှစ်ခွင့်ရရှိအောင် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြသည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း

ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပြုချက်အရ ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာဦးအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးတွက် ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေ ရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ)ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား ရရှိပြီး အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ် နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ၊ ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းအတွက်

လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအတွက် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရန် ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအဆင့်ထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များ ရရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဥ်များကို ဇယားဖြင့် ဖော်ပြထားသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြား စနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ကာ ဦးစားပေးအစီအစဥ် များကို ဖော်ထုတ်ထားပါသည်။

ဦးစားပေးစီမံချက်များ

| ကဏ္ဍ အကြောင်းအရာ | စီမံချက် | ဦးစား ပေး အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| အုပ်ချုပ်ရေး ကဏ္ဍ တိုးတက်မှု | ၁။အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး | ၉ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်း ဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်း ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး သင်တန်းများစီစဥ်ခြင်း |
| စိုက်ပျိုးရေး ကဏ္ဍ တိုးတက်မှု | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၂ | • ကုန်ထုတ်ချောင်းကူးတံတား တည်ဆောက်ခြင်း<br>• မျိုးကောင်းမျိုးသန့်များကို ရရှိအောင် ဆောင်ရွက်ခြင်း<br>• ရိတ်သိမ်းခြွေလှေ့များ အချိန်မှီ ရရှိ အောင် ဆောင်ရွက်ခြင်း<br>• ဇကကွက်ဖော်ဆောင်နိုင်ရန် ဆောင်ရွက်ခြင်း |
| မွေးမြူရေးနှင့် ရေလုပ်ငန်း နည်းပညာ သင်တန်း | ၃။ မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၈ | • အရင်းအနှီးနှင့်နည်းပညာများ ရရှိ အောင် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ဈေးကွက်သဘောတရား နားလည်မှု စွမ်းရည် မြှင့်တင်ရေး |
| အခြားဝင်ငွေရ လုပ်ငန်းများ | ၄။ အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေရေး | ၅ | • ဒေသနှင့်သင့်လျော်သော အသက် မွေးဝမ်းကျောင်းပညာများ ပေးခြင်း၊ သင်တန်းများ ပို့ချခြင်း |

| ကဏ္ဍ အကြောင်းအရာ | စီမံချက် | ဦးစား ပေး အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း | ၅။သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရေး | ၄ | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ပေးခြင်း |
| ပညာရေးဖွံ့ဖြိုးရေး | ၆။ ကျေးရွာ၏ပညာတက်မြောက်မှု တိုးတက်ရေး | ၃ | • ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန် ဆောင်ရွက်ခြင်း<br>• ကျောင်းသုံးပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှု ရရှိအောင် ဆောင်ရွက်ခြင်း |
| ကျန်းမာရေးတိုးတက် ကောင်းမွန်လာစေရေး | ၇။ ကျေးလက်ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၁၀ | • ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ရရှိရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း |
| သောက်သုံးရေ လုံလောက်စွာ ရရှိရေး | ၈။ ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး | ၇ | • လက်ယက်အုတ်စီတွင်းများ တူးဖော်ခြင်း<br>• ၄လက်မ စက်ရေတွင်းများ တူးဖော်ခြင်း |
| လမ်း၊တံတား ကောင်းမွန်လာစေရေး | ၉။ ပို့ဆောင်ရေးအခြေခံအဆောက် အဦများ တိုးတက်လာစေရေး | ၁ | • ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်း ဆက်လက်ခင်းခြင်း<br>• ချဉ်းကပ်လမ်းများအား ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ခြင်း |
| လူငယ်စွမ်းဆောင်ရည် တိုးတက်လာစေရေး | ၁၀။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၆ | • ကျေးရွာဘောလုံးကွင်း ပြုပြင်တည်ဆောက်ခြင်း<br>• စာကြည့်တိုက်ဆောက်လုပ်ခြင်း<br>• ဆက်ဆံရေးနှင့် ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်းများ ပေးခြင်း |

၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျတ်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန် တကယ်လိုအပ်သော ဘတ်ဂျတ်ပမာဏများအတွက် တွက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရာတွင် အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားခြင်းစာနာမှုအထောက်အပံ့ |
| ၁ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး | | | - | | |
| ၂ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်ရေး | | | ၂၆၀၀၀၀၀၀ | | |
| ၃ | မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး | | | ၁၀၀၀၀၀၀၀ | | |
| ၄ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | | | ၅၀၀၀၀၀၀ | | |
| ၅ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ရေး | | | ၃၀၀၀၀၀၀၀ | | |
| ၆ | ကျေးရွာ၏ပညာတက်မြောက်မှုတိုးတက်ရေး | | | ၁၂၀၀၀၀၀၀ | | |
| ၇ | ကျေးလက်ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | | | ၄၅၀၀၀၀၀ | | |
| ၈ | ကျေးရွာ၏ သောက်သုံးရေ ကိစ္စအဆင်ပြေစေရေး | | | ၃၀၀၀၀၀၀ | | |
| ၉ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး | | | ၆၈၇၉၆၀၀၀ | | |
| ၁၀ | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး | | | ၁၅၀၀၀၀၀၀ | | |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်းမှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါသည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးတိုးတက်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးအဖွဲ့သည် ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတက်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်သည်။ ဥပမာ-လယ်သမားအဖွဲ့အစည်းသည် လယ်ယာထုတ်ကုန်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဌာနဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

၁၁။ စီမံကိန်းအာ စဉ်ဆက်မပြတ် လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က)

(ခ)

(ဂ)

| အမည် | အဘအမည် | မှတ်ပုံအတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါ |
|---|---|---|---|---|---|
| ဦးစံငြိမ်း | ဦးသိန်းမောင် | ၁၄/ပသန(နိုင်)၁၀၃၆၅၅ | ၅၄ | ဥက္ကဋ္ဌ | ၀၉-၃၆၃၆ |
| ဦးသောင်းထွန်း | ဦးစိန်ဝင်း | ၁၄/ပသန(နိုင်) ၁၉၀၁၄၅ | ၃၅ | အတွင်းရေးမှူး | ၀၉-၇၈၉၁၁ |
| ဦးကံဝင်း | ဦးမောင်မြ | ၁၄/ပသန(နိုင်) ၂၀၃၅၉၇ | ၅၂ | ဘဏ္ဍာရေးမှူး | ၀၉-၂၆၂၁၂ |
| ဦးနိုင်မင်းလတ် | ဦးသန်းပု | ၁၄/ပသန(နိုင်) ၂၀၁၈၂၅ | ၃၃ | စာရင်းစစ် | ၀၉-၂၆၀၁၁ |
| ဦးအောင်သန်း | ဦးရွှေပို | - | ၄၅ | အဖွဲ့ဝင် | ၀၉-၄၅၁၈၉ |
| ဦးညီညီလွင် | ဦးမြသိန်း | ၁၄/ပသန(နိုင်) ၂၂၃၉၁၄ | ၂၇ | အဖွဲ့ဝင် | - |
| ဒေါ်ခင်ဆွေလင်း | ဦးစံလင်း | ၁၄/ပသန(နိုင်) ၂၀၀၈၃၇ | ၃၂ | အဖွဲ့ဝင် | ၀၉-၉၇၂၈ |

ကမ်းနီကျေးရွာအုပ်စု၊ ကမ်းနီကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဝင်စာရင်း